နောက်ဆက်တွဲ (က)

**Myanmar Kindar Solar Power Co., Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျီတိုင်ကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံစီမံကိန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Myanmar Kindar Solar Power Co., Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျီတိုင်ကျေးရွာအုပ်စုတွင် အကောင် အထည်ဖော်ဆောင်ရွက်နေသည့် ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၏ ၉-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၃၅၂၉/လစထလ/ ပစရအ/ စ(၅၆)/၂၀၂၃ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Jiang Xingcheng၊ Director ၊ Myanmar Kindar Solar Power Co., Ltd.၊ အမှတ် (၆၈၀)၊ စိန်ပန်းလမ်းနှင့် သရဖီလမ်းထောင့်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိ မြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉ ၂၀၇၇၆၉၉ ဖြစ်ပါသည်။

၃။ **စီမံကိန်း၏အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး Box-type Transformer များ၊ String Inverter များ၊ ဆိုလာပြားတပ်ဆင်ရန် ဒေါက်တိုင်များနှင့် ဘက်စုံသုံးအဆောက်အဦ တည်ဆောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် (၁၃၂) ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းများမှာ ဆိုလာပြား (၆၇၂၀၀) ခု၊ 250 kW series inverters အစုံ (၂၀)၊ Box-type Transformer (၆) လုံး၊ ဆိုလာပြားများ တပ်ဆင်ရန်ဒေါက်တိုင် (၂၄၀၀) ခုအား ထည့်သွင်းတပ်ဆင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျီတိုင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။

(၅) တည်ဆောက်ရေးကာလအတွင်း လေတိုက်နှုန်းမြင့်သောနေ့များတွင် လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ဖုန်မှုန့်များ ပိုမိုထွက်ရှိနိုင်သည့်အတွက် ယင်းနေ့များတွင် အဆိုပါလုပ်ငန်းများအား ရှောင်ရှားဆောင်ရွက်သွားရန်၊

(၆) လေထုညစ်ညမ်းမှုနှင့် ကာဗွန်ထွက်ရှိမှုကိုလျှော့ချရန် အရိပ်ရသစ်ပင်များ စိုက်ပျိုးရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဝန်းအတွင်း ရေနုတ်မြောင်းစနစ်အား စနစ်တကျတပ်ဆင်ရန်၊

(၂) စက်ရုံမြောင်း ရေစီးရေလာကောင်းစေရန် သန့်ရှင်းရေးပြုလုပ်၍ ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၃) စက်ရုံရေမြောင်းများ ပိတ်ဆို့ခြင်းမဖြစ်ရေးအတွက် စစ်ဆေးဆောင်ရွက်ရန်၊

(၄) PV Modules များအား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းရှိ စက်ပစ္စည်းများအားလုံးကို ပုံမှန်စစ်ဆေး၍ ထိန်းသိမ်းမှုပြုလုပ်ရန်၊

(၂) Slient-type generator များ တပ်ဆင်အသုံးပြုရန်၊

(၃) ဆူညံသံထွက်ရှိသော အလုပ်များကို နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၄) ဆူညံသံထွက်ရှိသောနေရာများတွင် အလုပ်လုပ်သော အလုပ်သမားများအတွက် တစ်ကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်းများကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်စေရန်၊

(၅) တည်ဆောက်ရေးကာလတွင် ညဘက်အချိန်အထိ လုပ်ငန်းဆောင်ရွက်ခြင်းများကို အတတ်နိုင်ဆုံး ရှောင်ရှားဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်အစိုင်အခဲများကို အစိုအခြောက်ခွဲခြား၍ သီးခြားစွန့်ပစ်ရန်၊

(၂) နေ့စဉ်ထွက်စွန့်ပစ်ပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၃) စီမံကိန်းဝင်းအတွင်း စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်းနှင့်မြေမြှုပ်ခြင်းတို့အား ပြင်းပြင်းထန်ထန်တားမြစ်ရန်၊

(ယ) ထပ်မံဖြည့်စွက်လိုက်နာရမည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Environmental Management Plan for Decommissioning Phase အား ထည့်သွင်းရေးဆွဲဖော်ပြရန်နှင့် အဆိုပါ Decommissioning Phase နှင့် Operation Phase တွင် စီမံကိန်းလည်ပတ်စဉ်အတွင်း အသုံးပြုခဲ့သော စွန့်ပစ်ဆိုလာပြားများနှင့် သက်တမ်းကုန်ဆုံးသော ဘက်ထရီများအား စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်မည့် အစီအစဉ်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) Environmental Monitoring Plan တွင် Waste Management Monitoring Aspect အား စောင့်ကြပ်ကြည့်ရှုရန်၊

(၃) နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အသုံးပြုသော Solar Array များသည် အနီးပတ်ဝန်းကျင်ရှိအပူချိန်ထက် 5.4-7.2°C ပိုများ၍ Heat Island Effect ဖြစ်ပေါ်နိုင်သောကြောင့် Project area ၏ အနီးတွင် စိုက်ပျိုးမြေများ၏ သီးနှံထွက်နှုန်းအပေါ် သက်ရောက်နိုင်ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် စိုက်ပျိုးမြေများနှင့် Project Area အား ၃၀ မီတာ အကွာအဝေးထား၍ တည်ဆောက်ရန်။

## သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှ စ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

